မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

January 23 , 2026 Volume 98, Number 16

၂၃. ၁. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၃.၃၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၁.၄၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၂.၄၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၆.၄၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၄.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၃၉ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၈၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ရေနံစိမ်းတန်ချိန် နှစ်သန်းချက်လုပ်နိုင်သည့် သံပရာကန်ရေနံချက်စက်ရုံစီမံကိန်းကို တရုတ်နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေ



ရေနံစိမ်းတန်ချိန် နှစ်သန်းချက်လုပ်နိုင်သည့် သံပရာကန်ရေနံချက်စက်ရုံစီမံကိန်းကို တရုတ်နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ရေနံချက်စက်ရုံ (သန်လျင်)၌ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ဇန်နဝါရီ ၂၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားခဲ့သည်။

ရေနံချက်စက်ရုံ (သန်လျင်)တွင် ရေနံချက်လုပ်ရာမှ ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိလာမည့် ကာဗွန်ဒိုင်အောက်ဆိုဒ်များကိုဖမ်းယူ၍ ရေခဲခြောက်များ (Dry Ice) ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခြင်းဖြင့် Dry Ice တင်သွင်းနေရသည့် နိုင်ငံခြားငွေများ သက်သာသွားမည်ဖြစ်ရာ လိုအပ်သည့်စက်ကိရိယာများဖြည့်ဆည်းတပ်ဆင်သွားမည်ဖြစ်ကြောင်း စစ်ဆေးစဉ်ပြောကြားသည်။

တစ်နှစ်လျှင် တန်ချိန် ၅ သိန်းချက်လုပ်နိုင်မည့် ရေနံချက်စက်ရုံကြီးအဖြစ် ရေနံချက်စက်ရုံ (သန်လျင်) ကို တည်ဆောက်နေခြင်းဖြစ်ကာ ယခု စီမံကိန်းပြီးစီးပါက စီမံကိန်းအပိုင်း(၂)အဖြစ် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၃ သန်း ချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံအဖြစ် ၂၀၂၈ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားနိုင်ရန် အစီအမံများချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် တရုတ်-မြန်မာရေနံစိမ်းပိုက်လိုင်းမှရေနံစိမ်းရယူ၍ရေနံစိမ်းတန်ချိန် နှစ်သန်းချက်လုပ်နိုင်သည့် သံပရာကန်ရေနံချက်စက်ရုံစီမံကိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊

နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ စီမံကိန်းများ ဆောင်ရွက်ပြီးစီးပါက ပြည်တွင်း၌ စက်မောင်းဆီလိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက အသိပေး ပြောကြားသည်။

Source : https://npnewsmm.com/

## ၉ လအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၈၀၀၀ နီးပါးခန့် တင်ပို့ထား



ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၉ လတာအတွင်း ပြည်ပသို့ ပုစွန် မက်ထရစ်တန် ၈၀၀၀ နီးပါး တင်ပို့ထားတယ်လို့ ငါးလုပ်ငန်းဦးစီးဌာနမှ သိရပါတယ်။

အဆိုပါကာလအတွင်း ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုတို့မှ စုစုပေါင်း ပုစွန်မက်ထရစ်တန် ၇၉၉၅ ဒသမ ၂၂၂ အထိ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၆၅၈ သန်း ရရှိခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းထွက်ပုစွန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့မှုအနေဖြင့်လည်း ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကာလတူတွင် မက်ထရစ်တန် ၆၂၅၃ ဒသမ ၀၂၄ တန် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုနှစ်တင်ပို့မှုသည် ယမန်နှစ် ကာလတူထက် ၁၇၄၂ ဒသမ ၁၉၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ပုစွန်အပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့နေခြင်းဖြစ်ပြီး ရန်ကုန်မှတစ်ဆင့်တင်ပို့နေသည့် ပုံမှန်ကုန်သွယ်ရေး လမ်းကြောင်းအပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကိုပါ အသုံးပြု၍ တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

**Source : Myanmar FutureNews Agency**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၉ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင်

ငွေကျပ် ၆,၁၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်းအဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါကအရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင် ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## မိတ္ထီလာမြို့နယ်၌ ဆောင်းမြေပဲနှင့်ဆောင်းနေကြာဧက ၁၃၀၀ ကျော်စိုက်ပျိုးပြီးစီး



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ ဆောင်းမြေပဲနှင့်ဆောင်းနေကြာ စိုက်ပျိုးဧက ၁၃၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ်ဆီထွက်သီးနှံဆောင်းမြေပဲနှင့်ဆောင်းနေကြာ စိုက်ပျိုးဧက ၃၂၁၆ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး ဆီထွက်သီးနှံဆောင်းမြေပဲနှင့် ဆောင်းနေကြာများကို စိုက်ပျိုးလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်း ဆီထွက်သီးနှံ ဆောင်းမြေပဲနှင့်ဆောင်းနေကြာ စိုက်ဧကများ သတ်မှတ်လျာထားသည့် အထွက်နှုန်းများရရှိစေရန် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆီထွက်သီးနှံများကိုအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါကအထွက်နှုန်းများပိုမိုတိုးတက်လာမည်ဖြစ် သည်။

ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့်မြေပဲတို့ကိုစားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်းသိရသည်။

Source : https://www.myawady.net.mm/

## တောင်အာရှစိုက်ပျိုးရေးဖိုရမ် ကျင်းပ




တောင်အာရှစိုက်ပျိုးရေးဖိုရမ်(South Asia Agri Fourm)ကို ဇန်နဝါရီလ ၂၂ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ် ဟိုတယ်မှာ ကျင်းပပါတယ်။

ဖိုရမ်ကို နှစ်ရက်တာ ကျင်းပသွားမှာဖြစ်ပြီး တောင်အာရှဒေသအတွင်းရှိ စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်နဲ့ဖွံ့ဖြိုးတိုးတက်စေဖို့ ဒေသတွင်းနိုင်ငံတွေအကြား ခိုင်မာတဲ့ကုန်သွယ်မှုကွန်ရက်တွေ ချိတ်

ဆက်နိုင်ဖို့နဲ့ အနာဂတ် စိုက်ပျိုးစီးပွားရေးအတွက် အဖိုးတန်တဲ့ အခွင့်အလမ်းသစ်တွေ ဖော်ဆောင်ပေးနိုင်ဖို့အတွက် ရည်ရွယ်ကျင်းပတာ ဖြစ်တယ်လို့ သိရပါတယ်။

ဒီပွဲကျင်းပတဲ့အတွက် မြန်မာနိုင်ငံကထွက်ရှိတဲ့ ပဲတွေရဲ့အကြောင်းကို တခြားနိုင်ငံတွေကပါ သိလာမှာ ဖြစ်တယ် လို့ မြန်မာနိုင်ငံ ပဲမျိုးစုံပြောင်းနှင့်နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်က ပြောပါတယ်။

အခုပြုလုပ်တဲ့ဖိုရမ်မှာ ကျွမ်းကျင်ပညာရှင်တွေရဲ့ ဆွေးနွေးပွဲတွေ၊ ကုန်သွယ်မှုပြပွဲတွေအပြင် B2B တွေ့ဆုံပွဲတွေလည်း ပါဝင်ပါ တယ်။

ဇန်နဝါရီ ၂၂ ရက်မှာတော့ ဖိုရမ်ဖွင့်ပွဲ ပြုလုပ်ခဲ့တာဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းမင်းနဲ့ တာဝန်ရှိသူတွေ၊ စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေနဲ့ နိုင်ငံပေါင်း ၂၆ နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

Source: https://onenewstvchannel.com/

## ရုရှားနှင့်တရုတ်ကုန်သွယ်မှုပမာဏ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၁ ဘီလီယံရှိ

၂၀၂၅ ခုနှစ်တွင် ရုရှားနှင့်တရုတ်ကြား အပြန်အလှန်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၆ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း တရုတ် အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)က သတင်းထုတ်ပြန်ခဲ့သည်။

အစီရင်ခံကာလအတွင်း တရုတ်သို့ ရုရှားကုန်ပစ္စည်းတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၇၉ ဘီလီယံရှိပြီး ၃ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ရုရှားနိုင်ငံသို့ တရုတ်ထုတ်ကုန်များတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၃ ဘီလီယံရှိပြီး ၁၀ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ ရုရှားနှင့်တရုတ်ကုန်သွယ်မှုပမာဏတွင် ရုရှားနိုင်ငံဘက်က ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၉ ဘီလီယံရှိခဲ့ပြီး ယင်းသည် ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၅၅ ဒသမ ၄ ရာခိုင်နှုန်းပိုများခဲ့သည်။

တရုတ်နိုင်ငံသို့ တင်သွင်းသည့် ရုရှားကုန်ပစ္စည်းအများစုမှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ လောင်စာဆီ၊ ကြေးနီနှင့် ကြေးနီသတ္တုရိုင်း၊ သစ်ထုတ်ကုန်နှင့် ရေထွက်ကုန်များပါဝင်သည်။

ရုရှားနိုင်ငံသို့တင်ပို့သည့် တရုတ်ကုန်ပစ္စည်းများမှာ မော်တော်ယာဉ်၊ လယ်ထွန်စက်၊ ကွန်ပျူတာနှင့် စမတ်ဖုန်းများအပြင် စက်မှုနှင့် အထူးပစ္စည်းကိရိယာများ၊ ကလေးကစားစရာများ၊ အဝတ်အထည်များနှင့် ဖိနပ်များပါဝင်သည်။

ရုရှား-တရုတ်ကုန်သွယ်မှုလုပ်ငန်းအားလုံးနီးပါးကို နိုင်ငံတော်သုံးငွေကြေးရူဘယ်နှင့်ယွမ်ငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ရုရှား-တရုတ်ကုန်သွယ်မှုပမာဏသည် ၂၆ ဒသမ ၃ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံရှိခဲ့ကာ၂၀၂၄ ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၂၄၅ဘီလီယံခန့်ထိ စံချိန်တင်အမြင့်ဆုံးအဆင့်သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

**Source : https://tass.ru/ekonomika/26141131**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## ရုရှားရေနံစျေးနှုန်းအမြင့်ဆုံးကန့်သတ်စျေးကို ဥရောပသမဂ္ဂမှ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၁ သို့ လျှော့ချမည်

ဥရောပသမဂ္ဂ(EU)သည် ရုရှားရေနံအပေါ် သတ်မှတ်ထားသော စျေးနှုန်းအမြင့်ဆုံးကန့်သတ်စျေး (Price Cap)ကို လက်ရှိ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆ မှ ၄၄ ဒသမ ၁ သို့ ထပ်မံ လျှော့ချမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်သောစာရွက်စာတမ်းများအရ သိရသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့တွင် ဥရောပသမဂ္ဂသည် ရုရှားရေနံကို ပင်လယ်ရေကြောင်းဖြင့် တင်ပို့ခြင်းအပေါ် ပိတ်ပင်သော အရေးယူပိတ်ဆို့မှုကို ချမှတ်ခဲ့သည်။

G7 နိုင်ငံများ၊ ဥရောပသမဂ္ဂနှင့် ဩစတြေးလျတို့သည် ပင်လယ်ရေကြောင်းမှ တင်ပို့သော ရုရှားရေနံအတွက် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ စျေးနှုန်းကန့်သတ်ချက်ကို တစ်ပြိုင်နက်တည်း စတင်ခဲ့ပြီး ယင်းစျေးနှုန်းထက် မြင့်မားသော ရေနံအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို တားမြစ်ခဲ့သည်။

ထို့ပြင် ရုရှားရေနံထုတ်ကုန်များအပေါ် အလားတူကန့်သတ်ချက်များကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊စက်တင်ဘာ ၃ ရက်နေ့တွင် ရေနံစျေးနှုန်းကန့်သတ်ချက်ကို တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆ အထိထပ်မံလျှော့ချခဲ့ပြီး ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ရုရှားနိုင်ငံတွင် ရေနံစျေးနှုန်းအမြင့်ဆုံးကန့်သတ်စျေးများ၏အစီအမံအောက်တွင် ရေနံရောင်းချခြင်းကို တားမြစ်ထားသည်။

ရုရှားသည် ဥရောပသမဂ္ဂမှ ချမှတ်ထားသည့် စျေးနှုန်းအမြင့်ဆုံးသတ်မှတ်ချက်ကို စျေးကွက်မဟုတ်သော တူရိယာ တစ်ခုအဖြစ် သတ်မှတ်ထားပြီး ယင်းကို "ရုရှားရေနံနှင့်ရေနံထွက်ကုန်များအပေါ် စျေးနှုန်းကန့်သတ်ချက်များချမှတ်ခြင်းနှင့်ဆက်စပ်၍ လောင်စာနှင့် စွမ်းအင်ကဏ္ဍတွင် အထူးစီးပွားရေးအစီအမံများ ကျင့်သုံးခြင်းဆိုင်ရာ" အမိန့်ဖြင့် ထုတ်ပြန်ထားသည်။

ယင်းအမိန့်သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပြီး အကြိမ်ပေါင်းများစွာ သက်တမ်းတိုးခဲ့ကာ မကြာသေးမီက ၂၀၂၅ ခုနှစ်ကုန်အထိ သက်တမ်းရှိခဲ့သည်။ လက်ရှိတွင် အဆိုပါအမိန့်ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်အထိ ထပ်မံသက်တမ်းတိုးမြှင့်ခဲ့သည်။

**Source : https://www.interfax.ru/business/1067709**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## STOCK EXCHANGE (23.1.2026)

YANGON STOCK EXCHANGE

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Jan, 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,089 (Shares) | 20,535,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,300 | 8,500 | 8,300 | 542 | 4,601,200 | 33,109,694 | 281,432 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,800 | 3,800 | 3,750 | 556 | 2,112,200 | 38,929,150 | 145,984 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 376 | 1,052,800 | 29,664,613 | 83,061 |
| TMH | 00005 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 17 | 55,850 | 12,823,224 | 41,676 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 3,016 | 4,826,400 | 19,977,223 | 32,962 |
| AMATA | 00007 | 4,200 | +0 | +0.00% | 4,200 | 4,200 | 4,200 | 10 | 42,000 | 10,497,598 | 44,090 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 2,572 | 7,844,600 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Jan. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 416.19 | +0.38 | +0.09% | 414.06 | 416.19 | 412.49 | 7,089 | 20,535,050 | 8 | 785,018 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Jan. 2026

| Trading Volume | Trading Value |
|---|---|
| 13,373 (Shares) | 36,528,950 (MMK) |

## Main Board

As of 1:00 pm, 23rd Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,089 (Shares) | 20,535,050 (MMK) |

| MYANPIX | 416.19 ▲ 0.38 |
|---|---|
| Total Volume (shares) | 7,089 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 785,018 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 100 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 2,800 | ▲ 0 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,200 | ▲ 0 |
| MAEX | 00008 | 3,050 | ▲ 0 |